# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# တတိယနေ့ အစီအစဉ်

# [ ၁၈-၁၁-၂၀၁၆ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းခင်စော၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **ကွန်ဟိန်းမြို့နယ်အတွင်းရှိ ကာလိမြို့နယ်ခွဲနှင့် ရပ်ကွက်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား အလုံအလောက်ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးယန်ကျင်းကန်၊ ကွမ်းလုံ မဲဆန္ဒနယ်၏ **သိန္နီမြို့နယ်၊ ရွှေလီရေအား လျှပ်စစ် မဟာဓာတ်အားလိုင်းမှ တစ်ဆင့် ကွမ်းလုံမြို့သို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးအေးမင်း၊ ခရမ်း မဲဆန္ဒနယ်၏ **ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီများအား ခိုင်မာတိကျသော ဖွဲ့စည်းပုံ၊**

**တာဝန်၊ လုပ်ပိုင်ခွင့်နှင့် စည်းမျဉ်း၊ စည်းကမ်းများ စနစ်တကျ ရေးဆွဲပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **ကျေးရွာဥယျာဉ်ခြံမြေအဖြစ်သာ အမည်ပေါက်နေသော သံဖြူဇရပ်မြို့ကို ပိုင်ဆိုင်မှုခိုင်မာသော မြို့အိမ်ခြံမြေဂရန် ရရှိရေး အထူးစီမံချက်ချမှတ်၍ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **စာပေဟောပြောပွဲများ၊ တရားပွဲများကျင်းပနိုင်ရေး ခွင့်ပြုချက်တောင်းခံရာတွင် လွယ်ကူလျင်မြန်အဆင်ပြေမှု မရှိသော ကြိုးနီစနစ်အား ဖျက်သိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **နိုင်ငံတော်သမ္မတသည် အမျိုးသား လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် အကျဉ်းသူ၊ အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်က **"ပြည်ထောင်စုတစ်ဝန်း အရက်ချက်စက်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့် သန့်စင်စနစ် တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ စံချိန်စံညွှန်းများနှင့်အညီ စွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသည့် **“ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။